
ချစ်ခြင်းဖြင့် ဖွဲ့သီသော
စာစဥ် – ၁၀၆
Translated by Mochi

## အခန်း ၁၅၆၁

"ဟုတ်ဘူး စိတ်ရှုပ်စရာ ကောင်းဘူး"

ရှောင်ကျန်းလေးက စိုးရိမ်တကြီး ထပြောသည်။

ဒက်ဒီကို တအား လွမ်းနေတာကို မာမီက စိတ်ရှုပ်တယ်ပြောလို့မရဘူးလေ။

စုယွဲ့က ငြင်းနေတာကြောင့် ဖုန်းကို ဆွဲလုတော့သည်။

"ရှောင်ကျန်းက ရှင်နဲ့ဖုန်းပြောချင်နေတယ်" စုယွဲ့ ရှောင်ကျန်းကို ဖုန်းပေးလိုက်တော့ ကလေးမလေးက တအားကို ပျော်သွားတော့သည်။

"အရှုပ်ထုပ်လေး"

"ဒက်ဒီ ဒက်ဒီကိုလွမ်းတယ်" စုရှောင်ကျန်းလေးက ချက်ချင်း ထအော်တော့သည်။

စုယွဲ့ ကျန်းချန်က ရှောင်ကျန်းကို ဘာပြောလိုက်လဲတော့မသိ ရှောင်ကျန်းလေးက ခေါင်းခါကာ "မီးမီးက ဒက်ဒီကိုလွမ်းတယ် မာမမီက မလွမ်းဘူး"

‘ဒီအသေးလေးကတော့’

စုယွဲ့ မျက်မှောင်ကြုတ်ကာ "စုရှောင်ကျန်း ညည်းက ငါ ဒက်ဒီကို မလွမ်းဘူးဆိုတာ ဘယ်လိုသိလဲ"

"အဲဒါဆို လွမ်းတယ်လား" ဖုန်းထဲက လူက အသံမြင့်ကာ ဆိုသည်။

စုယွဲ့ကို မေးနေမှန်း အသိသာကြီးပင် စုယွဲ့ စုရန်ကို လှမ်းကြည့်လိုက်တော့ စုရန်က သူမကို ကြည့်နေတာပင်။

စုယွဲ့ မျက်နှာရဲသွားတော့သည်။

စုရန်က အကြည့်လွှဲလိုက်တော့ စုယွဲ့က ဖုန်းကို ရှောင်ကျန်းဆီက ယူပြီး "မာမီဒက်ဒီနဲ့ဖုန်းပြောလိုက်ဦးမယ်"

ထကာ ဖုန်းကို နားနားကပ်ပြီး ဝင်ပေါက်ကို သွားလိုက်သည်။

"ဘာတွေပြောနေတာလဲ" စုယွဲ့က မေးလိုက်တော့ တစ်ဖက်က ရင်းနှီးတဲ့ အသံက ညင်သာစွာ "စုယွဲ့ ကိုယ့်ကိုလွမ်းလား"

သူ့အသံထဲ စိတ်လှုပ်ရှားမှုတွေနဲ့ ...

တုံ့ဆိုင်းမနေဘဲ စုယွဲ့က "လွမ်းတယ်"

သူမအသက်ကို ကယ်ခဲ့ပြီး လေးနှစ်လုံး သူမနဲ့တူတူ နေလာတာလေ မလွမ်းဘဲနေမလား။

"ကိုယ်လည်း ... မင်းကိုလွမ်းတယ်" တစ်ဖက်က လူအသံက အနည်းငယ်ကွဲအက်လို့နေသည်။

ဘယ်သူမှ မသိဘူး သူဘယ်လောက်တောင် သူ့ခံစားချက်တွေကို ဖိနှိပ်ထားရလဲဆိုတာ။

သူမကို ပြောချင်တဲ့အရာတွေကိုကောလေ။

စုယွဲ့က စားသောက်ဆိုင်အပြင်ကိုထွက်ရင်း ခေါင်းလေးငုံ့ကာ မျက်နှာလေးက ပူလွန်းနေတာကြောင့် လေအေးတွေက သူမကို သက်သောင့်သက်သာ ရှိစေသည်။

သူမက "ဘယ်ချိန်ပြန်လာမှာလဲ" လို့မေးလိုက်သည်။

"စုစု" ကျန်းချန်က အသံက သူ သူမ ပတ်လည်မှာ ရှိနေသလိုမျိုးပင် ခေါင်းမော့လိုက်တော့ ခုမှနေရာ ကူးပြောင်းလာသလိုမျိုး။ သူမ ရှေ့ မလှမ်းမကမ်းမှာ ထိုပုံရိပ်က ရပ်လို့နေသည်လေ။

သူမ လန့်သွားကာ "ရှင် ..."

ထိုလူက အလွန့်ကို ကြည့်ကောင်းနေပြီးတော့ အပြုံးကလည်းနွေးထွေးလို့ ...

အဖြူရောင်တီရှပ်ကို ဂျင်းနဲ့ဝတ်ထားကာ တခြား သာမန်လူတွေလိုပင်။

ထိုအခိုက်အတန့် စုယွဲ့ ဘာလို့ မျက်ရည်တွေ ဝဲလာမိမှန်းမသိတော့ ဖုန်းမချဘဲ ကွဲအက်စွာ "တအား ဆိုးတာပဲ"

ထိုလူက ရယ်ကာ တိုးတိုးလေးဆိုသည်။ "ပျော်လား"

စုယွဲ့ အသက်ပြင်းပြင်းရှူကာ ခေါင်းညိတ်ပြလိုက်သည်၊ "အင်း အရမ်းပျော်တယ်"

ဖုန်းချကာ ထိုလူဆီ အမြန် လျှောက်သွားလိုက်သည်။

နှစ်ယောက်က တစ်ယောက်ရှေ့တစ်ယောက်ရပ်ကာ မဖက်ဘဲ ကြည့်နေကြသည်။ တီဗွီထဲကလိုလေ။

"ဘယ်တုန်းက ရောက်တာလဲ" စုယွဲ့က ကျန်းချန်ကို မေးလိုက်သည်။ ကျန်းချန်က ‘‘လေယာဉ်ဆိုက်တာနဲ့ တန်းလာခဲ့တာ"

လက်ဆန့်ပြီး စုယွဲ့လက်ကို ကိုင်ကာ "ကိုယ်ဗိုက်ဆာနေပြီ အထဲသွားရအောင်"

"ဒက်ဒီ ... မာမီ ..."

စုရှောင်ကျန်းလေးက ကျန်းချန်ကို ပြတင်းပေါက်ကနေ မြင်ပြီး စိတ်လှုပ်ရှားစွာ လှမ်းအော်တော့သည်။

***